# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး ပြန်လည်ဖွင့်လှစ်

NEJ / ၁၈ ဧပြီ ၂၀၀၄




တနှစ်နီးပါးပိတ်ထားခံရသည့် ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) ဌာနချုပ်ရုံးကို နအဖစစ်အစိုးရ အာဏာပိုင်များက ဧပြီ (၁၇) ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးလိုက်သည်။

နအဖအရာရှိသုံးဦးက အန်အယ်လ်ဒီပါတီမှ ဦးမောင်မောင်ရင်ကို သွားရောက်ခေါ်ယူပြီး အဖွဲ့ချုပ်ရုံးကို ပြန်ဖွင့်ပေးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

"အာဏာပိုင်တွေက ဒီနေ့မနက်ကစပြီး ကျနော်တို့ဌာနချုပ်ရုံးကို ပြန်လည်ဖွင့်လှစ်နိုင်ပါပြီလို့ အကြောင်းကြားပါတယ်" ဟု အန်အယ်လ်ဒီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးသန်းထွန်းက ရိုက်တာသတင်းဌာနကို ပြောကြားသည်။

ပြီးခဲ့သည့်နှစ် မေလ (၃၀) ဒီပဲယင်းအကြမ်းဖက်တိုက်ခိုက်မှုကြီး ဖြစ်ပေါ်အပြီး ဒေါ်အောင်ဆန်းစုကြည် ထိန်းသိမ်းခံရပြီးနောက် တနိုင်ငံလုံးရှိ အန်အယ်လ်ဒီရုံးများကို နအဖအာဏာပိုင်များက ပိတ်ပစ်ခဲ့ခြင်းဖြစ်သည်။

ဌာနချုပ်ရုံး ပြန်လည်ဖွင့်လှစ်ခွင့်ရသည့်အတွက် အန်အယ်လ်ဒီပါတီကို အားပေးထောက်ခံသူများက အဖွဲ့ချုပ်အလံကိုလွှင့်ထူကာ ဒီမိုကရေစီသီချင်းများသီဆိုပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးကို ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

အန်အယ်လ်ဒီရုံး ပြန်လည်ဖွင့်လှစ်ခွင့်ရသည့်အတွက် ပါတီဝင်များအနေဖြင့် စုစည်းတွေ့ဆုံရန် နေရာတခုရရှိသည့်အတွက် ကောင်းမွန်ကြောင်း နောက်ထပ် အကောင်းများဖြစ်လာမည်ဟု မျှော်လင့်ကြောင်း ဗဟိုကော်မတီဝင် ဦးညွန့်ဝေက ပြောကြားသည်။

အန်အယ်လ်ဒီဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အတွင်းရေးမှူး ဦးလွင်တို့ကို နေအိမ်အကျယ်ချုပ် ထိန်းသိမ်းထားရာမှ ဧပြီ (၁၃) ရက်တွင် ပြန်လွှတ်ပေးပြီးနောက် အမျိုးသားညီလာခံမကျင်းပမီ တလတိတိအလိုတွင် စစ်အစိုးရအာဏာပိုင်များက အန်အယ်လ်ဒီဌာနချုပ်ရုံးကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ကျန် အန်အယ်လ်ဒီရုံးများကိုမူ ပိတ်ထားဆဲဖြစ်သည်ဟုသိရသည်။

လာမည့်မေလ (၁၇) ရက်တွင်ကျင်းပမည့် အမျိုးသားညီလာခံမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် ပြည်တွင်းပြည်ပမှ ဒီမိုကရေစီအင်အားစုများနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝန်းကပါ တောင်းဆိုနေသော်လည်း နအဖစစ်အစိုးရက ရုံးချုပ် ပြန်လည်ဖွင့်ခွင့်ပေးသည့်အချိန်အထိ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့ကို ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကမူ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦး အပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၉) ဦး ဆုံစည်းတွေ့ဆုံဆွေးနွေးနိုင်မှုမရှိမချင်း အမျိုးသားညီလာခံတက်ရောက်ရန် မစဉ်းစားဟု အန်အယ်လ်ဒီမှ ကြေညာချက်ထုတ်ထားသည်။ ထို့အပြင် ယခင်ချမှတ်ခဲ့သော အခြေခံမူ (၁၀၄) ချက်နှင့် ထုတ်ပြန်ထားသော ၅/၉၆ ဥပဒေကို မဖျက်သိမ်းဘဲ အမျိုးသားညီလာခံသို့ အန်အယ်လ်ဒီမှ တက်ရောက်ရန် မဖြစ်နိုင်ဟုလည်း ပါရှိသည်။ ■